

# ဝဲကြီးချောင်းတံတား

မမြင်မတွေ့သော်လည်း
ရင်ထဲအစဉ်အမြဲ
သူငယ်ချင်းရဲ့သော်

အလှမ်းဝေးသော်လည်း
အလွမ်းလေးတွေပဲ
အဖေါ်ဖွဲ့ နေတတ်ပြီ

လွမ်းစရာ နာစရာ
နှစ်ဖြာ ပေါင်းစည်း
နက်ဖြန်ခရီးအတွက်
အားသစ်ယူမည်

နွေပြောင်းရင် မိုး
မိုးနှောင်းရင် ဆောင်း
ဆောင်းလည်း အလီလီ
သစ်ခဲ့ ကုန်လည်း
ယုံကြည်ခြင်းက
ကျောချင်း အစဉ်ကပ်
ကြယ်စင် လေးထပ်
ရင်သပ်ရှုမော

အနှစ်နှစ်ဆယ်ကျော်
လွန်မြောက်သောအခါ
မြို့သစ်တိုကျို ရိမ်းဘိုးဘရေ့ချ် ကို
ရောက်သွားဖြစ်ရင်
ယိုကိုဟားမား ဘေးဘရေ့ချ် ပေါ်မှာ
ဖြတ်သွားဖြစ်ရင်
ပယ်လယ်ကြမ်းပြင်
ဖောက်ဝင်ပြီးမှ
ကမ်းခြေမရောက်ခင်
အသက်ရှူများ ကြပ်သွားလေသလား
ပင်လယ်တဝက်
အနက်ဆုံးကနေ
ဝေဟင်ပေါ်တက်
ထိုးထွက်ပျံသန်း
သွယ်တန်းဆက်ထား
အုမီဟိုးတာလုတံတား(ပင်လယ်ပိုးစုန်းကြိုးတံတား)

ရောက်သွားဖြစ်ရင်
ဒါမှမဟုတ်
ရထားခုတ်သံ
သဲ့သဲ့ကြားရင်
ဒို့မြို့လေး အဝင်နဲ့
ပေါင်းတည်မြို့ပြင်ကြား
သမိုင်းဘီးရထား
ကြိတ်ခံထားဆဲ
ဝဲကြီးချောင်းတံတား
မင်း စောင့်များနေမလား
ကိုယ့်ရင် မချိတင်ကဲ ခုန်မိတယ်

စိတ်ချ ရဲ့သော်
ဆက်ဆက်စောင့်မျှော်
မေတ္တာလက်နဲ့ ခေါ်သူမောရင်
ဓားထက်ထက်ကို တယောပေါ်တင်
လူထုရင်အုံ
တော်လှန်ပန်းငုံ
ဖူးပွင့်ထုံအုံ။ ။

လင်းလက်ဇာနည်
၁၄ အောက်တိုဘာ ၂၀၀၉